# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၈)
## အာဏာရှင်ဒေါက်တိုင် နောက်ခံနိုင်ငံကြီးများ၏ ဘက်ပြောင်းထောက်ခံမှုအကြောင်း လေ့လာချက်

အာဏာရှင်စနစ်ကိုကျင့်သုံးတဲ့ အစိုးရတွေဟာ သူတို့ရဲ့ရပ်တည်ရေးကို ကျောထောက်နောက်ခံပေးမယ့် အင်အားကြီးနိုင်ငံတွေကို အားကိုးတတ်ကြပါတယ်။ ဒီ အာဏာရှင် ဒေါက်တိုင်နိုင်ငံကြီးတွေဟာ အာဏာရှင်အစိုးရကို သံတမန်ရေးရာအကာအကွယ်တွေ၊ စီးပွားရေး အကူအညီတွေ၊ လက်နက် ရောင်းပေးတာတွေ ပြုလုပ်ပါတယ်။ အခြားတဖက်မှာတော့ အပြန်အလှန်အနေနဲ့ အဲဒီနိုင်ငံရဲ့ သယံဇာတထုတ်ဖော်ခွင့်တွေ၊ စီးပွားရေး လက်ဝါးကြီးအုပ်တာတွေ၊ မဟာဗျူဟာအရ စီမံကိန်းတွေ အကောင်အထည်ဖော်ရေးတွေကို ဆောင်ရွက်ကြပါတယ်။ ဒါကြောင့် အာဏာရှင်နိုင်ငံတွေမှာ ဒီမိုကရေစီရေး တောင်းဆိုလှုပ်ရှားမှုတွေ ဖြစ်လာတဲ့အခါမှာ ဒေါက်တိုင်အင်အားကြီးနိုင်ငံတွေဟာ အာဏာရှင်ကိုပဲ ဆက်ထောက်ခံရမလား၊ ဒါမှမဟုတ် အာဏာရှင်ကိုထောက်ခံမှု ရပ်သိမ်းပြီး ဒီမိုကရေစီရေးလှုပ်ရှားမှုကို ပြောင်းလဲထောက်ခံရမလား ဆိုပြီး ရွေးချယ်မှုအကျပ်အတည်းကို ရင်ဆိုင်ရလေ့ရှိပါတယ်။ ဒီလိုအခြေအနေမှာ အာဏာရှင်ဒေါက်တိုင်နိုင်ငံကြီးရဲ့ ဘက်ပြောင်းရေး၊ မပြောင်းရေး ဆုံးဖြတ်ချက်တွေအပေါ် ဘယ်အချက်တွေက လွှမ်းမိုးနေသလဲဆိုတာ လေ့လာသင့်ပါတယ်။

### ဆိုလိုရင်းအနှစ်ချုပ်

အာဏာရှင် ဒေါက်တိုင်နိုင်ငံကြီးတွေအနေနဲ့ သူ့ဩဇာခံအာဏာရှင်နိုင်ငံတွေမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါ အောက်ပါအချက်သုံးချက်ကို အဓိကထား စဉ်းစားပါတယ်။ (၁) ဒီမိုကရေစီရေးလှုပ်ရှားမှု ဦးဆောင်သူတွေဟာ တိုင်းပြည်ကို စီမံအုပ်ချုပ်နိုင်စွမ်း ရှိ၊ မရှိ။ မရှိတဲ့အတွက် အာဏာရှင်နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားနိုင်သလား၊ (၂) အစိုးရအပြောင်းအလဲ (ဝါ) စနစ်အပြောင်းအလဲဟာ နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေးနဲ့ အာဏာရှင် ဒေါက်တိုင်နိုင်ငံကြီးရရှိထားတဲ့ အထူးအခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးသွားတာမျိုး ဖြစ်လာနိုင်သလား၊ (၃) ဒီမိုကရေစီစနစ်ပေါ်ထွန်းလာလို့ ပြည်သူတွေမှာ ပြောရေးဆိုခွင့်တွေရှိလာပြီး နှစ်နိုင်ငံအကြား အရင်က မမျှမတဖြစ်နေတဲ့ ဆက်ဆံရေးအပေါ် ပြည်သူတွေက ဝေဖန်မှုပြင်းထန်လာမလား စတဲ့ အချက်သုံးချက်ဖြစ်ပါတယ်။ ဒါကြောင့် အပြောင်းအလဲကို ဘက်ပြောင်းထောက်ခံစွန့်စားတာထက် ပိုနေမြဲကျားနေမြဲကိုပဲ ဆက်ထိန်းထားနိုင်ဖို့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း တရုတ်နိုင်ငံရဲ့ တုံ့ပြန်ဆောင်ရွက်မှုတွေက သတိပြုစရာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂ ရက်က ပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ်အစည်းဝေးမှာ အာဏာသိမ်းမှုအဖြစ် မသတ်မှတ်ရေးကို တရုတ်နိုင်ငံဘက်က ကြိုးပမ်းခဲ့တာ ရှိပါတယ်။ ဒီအချိန်နောက်ပိုင်း တရုတ်နိုင်ငံရဲ့ ပြုမူလုပ်ဆောင်မှုတွေအပေါ် မြန်မာပြည်သူလူထုရဲ့ ပြစ်တင်ဝေဖန်မှုတွေ ပိုများလာခဲ့ပါတယ်။ မတ် ၇ ရက်မှာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးရဲ့ အဆိုပြုချက်သုံးခု ထွက်ပေါ်ခဲ့ပြီး မတ် ၁၀ ရက်က ထွက်ရှိခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ကြေညာချက်ကိုလည်း သဘောတူကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၈)
အာဏာရှင်ဒေါက်တိုင် နောက်ခံနိုင်ငံကြီးများ၏
ဘက်ပြောင်းထောက်ခံမှုအကြောင်း လေ့လာချက်

ကြိုးစားတတ်ပါတယ်။ ဒါပေမဲ့ တဖက်မှာလည်း ပြည်သူလူထုအများ ဆန့်ကျင်တဲ့အာဏာရှင်ကို ဆက်လက် ထောက်ခံနေချိန်မှာ ဒီမိုကရေစီရေး လူထုလှုပ်ရှားမှု အောင်မြင်သွားခဲ့ရင် နှစ်နိုင်ငံကြား မဟာမိတ်ဆက်ဆံရေး လုံးဝပျက်စီးနိုင်တာကိုလည်း စိုးရိမ်ကြပါတယ်။ ဒီလို အခြေအနေမှာ အာဏာရှင်ဒေါက်တိုင်နိုင်ငံကြီးကိုယ်၌က ဒီမိုကရေစီနိုင်ငံဖြစ်ရင်၊ ပြီးတော့ မိတ်ဖက်အာဏာရှင်နိုင်ငံမှာရှိတဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေက ဒေါက်တိုင်နိုင်ငံကြီးရဲ့ မဟာမိတ်ဖြစ်မှုနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ပေးမယ်ဆိုပြီး ယုံကြည်လောက်တဲ့ သတင်းစကားပါးနိုင်ရင် ဒီမိုကရေစီရေးလှုပ်ရှားမှုကို ဘက်ပြောင်းထောက်ခံကြတယ်လို့ ဆိုပါတယ်။

### ဘာကြောင့်အလေးထားသင့်လဲ

ကမ္ဘာတဝန်း အောင်မြင်ခဲ့တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှု တော်တော်များများမှာ အာဏာရှင်ကို ကျောထောက်နောက်ခံပေးထားတဲ့ အင်အားကြီးနိုင်ငံတွေဟာ ဒီမိုကရေစီရေးဘက်ကို ပြောင်းလဲထောက်ခံခဲ့ကြပါတယ်။ ဒီမိုကရေစီရေး လှုပ်ရှားသူတွေဟာ ဖိနှိပ်တဲ့ အာဏာရှင်အစိုးရကို တွန်းလှန်တိုက်ခိုက်နေသလို တချိန်တည်းမှာလည်း အာဏာရှင်ကို အထောက်အပံ့ပေးနေတဲ့ အင်အားကြီးနိုင်ငံရဲ့ ပူးပေါင်းမှုကို ရရှိနိုင်ဖို့ အားထုတ်ကြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် အာဏာရှင်ကိုကျောထောက်နောက်ခံပေးထားတဲ့ အင်အားကြီးနိုင်ငံတွေဟာ ဘယ်လိုအခြေအနေမှာ ဒီမိုကရေစီရေး လှုပ်ရှားမှုကို ပြောင်းလဲထောက်ခံသလဲဆိုတာကို နားလည်ခြင်းဟာ ဒီမိုကရေစီရေးလှုပ်ရှားမှု အောင်မြင်ရေး မဟာဗျူဟာ၊ နည်းဗျူဟာတွေဆွဲရာမှာ အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။

**စစ်ကောင်စီ အာဏာသိမ်းပြီးနောက် တရုတ်၏သဘောထား**
ဖေဖော်ဝါရီ၊ ၂၀၂၁

- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိစ္စရပ်များအပေါ် သတိပြုမိကြောင်းနှင့် အခြေအနေအား ပိုမို သိရှိနားလည်နိုင်ရန် ဆက်လက်၍ ဆောင်ရွက်သွားမည်ဟု ဖေဖော်ဝါရီ ၁ ရက်တွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြား။ ထို့နောက် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဘက်အသီးသီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်အတွင်း၌ သဘောထားကွဲလွဲမှုများကို ကောင်းမွန်စွာဖြေရှင်း၍ နိုင်ငံရေးနှင့် လူမှုရေး တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန် မျှော်လင့်ဟုဆိုခဲ့။
- ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းတွင်အကြမ်းဖက်မှုများ ရှောင်ရှားရန်ကို အလေးထားပြောကြားခဲ့ပြီး ကုလသမဂ္ဂ အထူးသံတမန်၏ ဆောင်ရွက်မှုများကို ထောက်ခံကြောင်း ပြောဆိုခဲ့။

### မြန်မာနိုင်ငံနဲ့ဆီလျော်သလား

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုမှာ အိမ်နီးချင်း အင်အားကြီး တရုတ် နိုင်ငံကို အာဏာရှင်ဒေါက်တိုင်နိုင်ငံကြီးအဖြစ် လူထုတွေက ရှုမြင်ကြသလို၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာလည်း တရုတ်ရဲ့ ရပ်တည်ချက်နဲ့ အခန်းကဏ္ဍဟာ ဗီတိုအာဏာ ကိုင်စွဲထားပြီး အရေးပါသူဖြစ်တာကြောင့် ဒီသုတေသနဟာ မြန်မာနိုင်ငံအတွက် အထူးဆီလျော်ပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၈)

## အာဏာရှင်ဒေါက်တိုင် နောက်ခံနိုင်ငံကြီးများ၏ ဘက်ပြောင်းထောက်ခံမှုအကြောင်း လေ့လာချက်

### စစ်အာဏာသိမ်းမှုနောက်ပိုင်း တရုတ်နိုင်ငံ၏တုံ့ပြန်မှု

**FEB 1**
သတင်းစာရှင်းလင်းပွဲတွင်
မြန်မာ့အရေးကို ထည့်သွင်းပြောကြား
(စစ်အာဏာသိမ်းမှုဟု သုံးနှုန်းခြင်းမရှိခဲ့)

**FEB 2**
ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးပေါ်
အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော
အခြေအနေအား အာဏာသိမ်းမှုအဖြစ်
မသတ်မှတ်ရေး တရုတ်နိုင်ငံမှ ကြိုးပမ်းခဲ့။

**FEB 10**
တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းဖြင့်
နည်းပညာဝန်ထမ်းများ ပို့ဆောင်နေသည်မှာ
မဟုတ်မှန်ကြောင်း၊ သာမန် ကုန်တင်လေယာဉ် များသာ
ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ထုတ်ပြန်။

**FEB 12**
ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူး
အစည်းအဝေး ဆုံးဖြတ်ချက်တွင် (မြန်မာ့အရေးသည်
ပြည်တွင်းရေးသာ ဖြစ်သောကြောင့်) ၎င်းတို့၏ဆန္ဒ
မပါဝင်ကြောင်း တရုတ်ပြောကြား။

**FEB 15**
မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက
မြန်မာမီဒီယာများ၏ မေးမြန်းချက်များကို
ပြန်လည်ဖြေကြားခဲ့။

**FEB 20**
အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သော ဘရူနိုင်း
နိုင်ငံခြားရေးဝန်ကြီး အပါအဝင် အာဆီယံ
နိုင်ငံခြားရေးဝန်ကြီးများနှင့် တရုတ်နိုင်ငံခြားရေး
ဝန်ကြီးတို့ မြန်မာအရေး တွေ့ဆုံဆွေးနွေး။

**FEB 23**
တရုတ်-မြန်မာ စီမံကိန်းကြီးများ၏ လုံခြုံရေးဆိုင်ရာ
အွန်လိုင်းအစည်းအဝေးကျင်းပခဲ့။ ကျောက်ဖြူ-ယူနန်
ရေနံပိုက်လိုင်း လုံခြုံရေးတိုးမြှင့်ပေးရန် တရုတ်ဘက်က
တောင်းဆိုခဲ့။

**MAR 7**
တရုတ်နိုင်ငံခြားရေးဝန်ကြီးက
မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်သည့်
အချက်သုံးချက်ကို အဆိုပြုခဲ့။

**MAR 10**
ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏
သဘောထားထုတ်ပြန်ချက်ကို
တရုတ် သဘောတူ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၈)
အာဏာရှင်ဒေါက်တိုင် နောက်ခံနိုင်ငံကြီးများ၏
ဘက်ပြောင်းထောက်ခံမှုအကြောင်း လေ့လာချက်

မြန်မာဟာ တရုတ်ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်နေတာ၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေ ရှိနေတာ၊ စွမ်းအင်လုံခြုံရေးအတွက် အရေးပါတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်း ရှိနေတာတွေအပြင် ရပ်ဝန်းလမ်းကြောင်း (BRI) စီမံကိန်းမှာ မြန်မာဟာ ပထဝီနိုင်ငံရေးအရ အချက်အချာမှာ ရှိနေတာကြောင့်လည်း မြန်မာနိုင်ငံအတွင်း နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားမှာ၊ ပြည်သူလူထုအကြား တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ ပိုမိုမြင့်မားလာမှုတွေကတဆင့် နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားမယ့်အရေးကို တရုတ်နိုင်ငံက စိုးရိမ်မှုတွေရှိနေပါတယ်။ ဒီစိုးရိမ်မှုအတွက် အာမခံချက်ကို အာဏာသိမ်းကောင်စီအာဏာတည်ခဲ့ရင် ဆက်ပေးနိုင်မယ်ဆိုတာ သေချာသလောက်ရှိပေမဲ့၊ ဒီမိုကရေစီရေးလှုပ်ရှားမှု ခေါင်းဆောင်တွေက အလားတူတည်ငြိမ်အေးချမ်းမှု အာမခံချက်မျိုး ပေးနိုင်မလားဆိုတာဟာ ပထမ ထည့်သွင်းစဉ်းစားချက် ဖြစ်နိုင်ပါတယ်။

ဒုတိယအချက်အနေနဲ့ အစိုးရအပြောင်းအလဲဖြစ်လာရင် တရုတ်နိုင်ငံရဲ့ မဟာမိတ်ဖြစ်မှုနဲ့ အကျိုးစီးပွားဟာ ကြီးကြီးမားမား ထိခိုက်စရာ ရှိ၊ မရှိ ဆိုတာပါပဲ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲဟာ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားကို မထိခိုက်ဘူးလို့ ယုံကြည်တဲ့အချိန်မှာ ဒီမိုကရေစီအင်အားစုတွေဘက်ကို ပြောင်းလဲထောက်ခံခဲ့ပါတယ်။ ဥပမာ- ၂၀၁၅ ခုနှစ် မတိုင်ခင် မြန်မာ့နိုင်ငံရေးအပြောင်းအလဲမှာ အရေးပါတဲ့ ဒီမိုကရေစီအင်အားစုဖြစ်တဲ့ NLD ပါတီက တရုတ်နိုင်ငံနဲ့ဆက်ဆံရေးကို အလေးထားကြောင်း သိသိသာသာ ဖော်ပြလာတဲ့အခါ ရွေးကောက်ပွဲမတိုင်ခင်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို ကော်ဇောနီခင်း ကြိုဆိုခဲ့တာ သတိချပ်စရာပါ။

**တရုတ်နိုင်ငံခြားရေး ဝန်ကြီး၏ အဆိုပြုချက်သုံးရပ်**
၇ မတ်၊ ၂၀၂၁

၁။ သွေးထွက်သံယိုမှု နောက်ထပ်မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်နှင့် အခြေအနေတင်းမာမှု အမြန်ဆုံး ဖြေလျှော့ပေးရန်။

၂။ အာဆီယံနည်းလမ်းဖြင့် ဘုံသဘောတူညီချက်ရရှိအောင် ကြားဝင်စေ့စပ်ဖျန်ဖြေသည်ကို တရုတ်ဘက်ကထောက်ခံ။ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံ အချုပ်အခြာအာဏာနှင့် ပြည်သူလူထု၏ ဆန္ဒကိုလေးစားသည့် အခြေခံပေါ်တွင် ဘက်အသီးသီးနှင့် ထိတွေ့ဆက်ဆံပြီး အခြေအနေတင်းမာမှုလျော့ကျလာအောင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်လို။

၃။ NLD ပါတီအပါအဝင် မြန်မာ့နိုင်ငံရေးပါတီ မြောက်မြားစွာနှင့် နှစ်ရှည်လများ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့။ မြန်မာနိုင်ငံတွင် ပြောင်းလဲမှုများ မည်သို့ပင်ရှိစေကာမူ တရုတ်နိုင်ငံ၏ တရုတ်-မြန်မာ ဆက်ဆံရေး မြှင့်တင်ရန် သန္နိဋ္ဌာန်စိတ်ထား ယိမ်းယိုင်လိမ့်မည်မဟုတ်။

တတိယအချက်နေနဲ့ ပြည်သူလူထုအနေနဲ့ စစ်အာဏာသိမ်းမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ဆန္ဒပြမှုတွေ ရှိနေတာ၊ တရုတ်နိုင်ငံရဲ့ သံတမန်ရေးရာ တုံ့ပြန်မှုတွေကို ကျယ်ကျယ်လောင်လောင် ဝေဖန်ကြတာ၊ ဒီမိုကရေစီ ပြန်ပွင့်လင်းလာရင် တရုတ်နိုင်ငံပေါ် အခဲမကျေဘဲ မမျှမတဖြစ်မှုတွေကို ပိုဝေဖန်ပြစ်တင်ပြီး စားသုံးသူသပိတ်လိုမျိုးကစလို့ ဒဏ်ခတ်မှုတွေ လုပ်လာနိုင်တာ စတဲ့လက္ခဏာတွေကို တရုတ်နိုင်ငံက တစုံတရာ အလေးအနက်ထားပုံရပါတယ်။ မတ် ၁၁ ရက်က ထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ဒုတိယ

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၈)

## အာဏာရှင်ဒေါက်တိုင် နောက်ခံနိုင်ငံကြီးများ၏ ဘက်ပြောင်းထောက်ခံမှုအကြောင်း လေ့လာချက်

အကြိမ် ထုတ်ပြန်ချက်မှာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေသူတွေ အပေါ် အကြမ်းဖက်နေခြင်းကို ပြင်းထန်စွာ ရှုတ်ချပါတယ်ဆိုတဲ့ စကားရပ်ကို ထည့်သွင်းခဲ့နိုင်ခဲ့တာ၊ ဒီထုတ်ပြန်ချက်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကနေတဆင့် ပြန်လည်ထုတ်ပြန်ခဲ့တာဟာ ဆက်စပ်သတိပြုစရာတွေဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံအနေနဲ့ အခုအချိန်ထိ အာဏာသိမ်းကောင်စီကို တရားဝင်ထောက်ခံမှု မပြုသေးတာကိုကြည့်ရင် အဆုံးသတ်ရလဒ် မရေရာသေးတဲ့ အနေအထားမှာ ဘက်ရွေးမှားမှာကိုလည်း သတိကြီးကြီးထား ကိုင်တွယ်နေတယ်လို့ သုံးသပ်ရပါတယ်။

သို့သော် တရုတ်နိုင်ငံဟာ တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတနိုင်ငံ ဖြစ်တဲ့အပြင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေနဲ့ ပတ်သက်ရင် ကိုယ်တိုင်လည်း ဝေဖန်ခံနေရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတခုရဲ့ပြည်တွင်းရေး ဝင်မစွက်ဖက်ရေး မူဝါဒကို စွန့်လွှတ်ပြီး (ဒီမိုကရေစီ အင်အားကြီးနိုင်ငံတွေလို) ဒီမိုကရေစီရေး လှုပ်ရှားမှုဘက်ကို တရားဝင် သိသိသာသာ ဘက်ပြောင်းထောက်ခံဖို့၊ ပိတ်ဆို့အရေးယူမှုတွေ ဆောင်ရွက်လာဖို့တော့ အခုချိန်ထိ အလားအလာ နည်းနေပါသေးပါတယ်။ ဒါပေမဲ့ မြန်မာ့အရေး တရုတ်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒ သဘောထားအဆင့်ဆင့် ပြောင်းလဲလာပုံဟာ အရင်ဘယ်တုန်းကနဲ့မှမတူတဲ့ ‘အရွှေ့’တခု ဖြစ်လာတာကတော့ ဒေါက်တိုင်နိုင်ငံကြီးတွေအကြောင်း မှတ်တမ်းတင်မယ့် နိုင်ငံတကာ ဆက်ဆံရေးသမိုင်းမှာ သိသာလှတဲ့ အပြောင်းအလဲတရပ်ပဲ ဖြစ်ပါတယ်။

### ကုလ လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက်

၁၀ မတ်၊ ၂၀၂၁

- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတ ဦးဝင်းမြင့် အပါအဝင် အစိုးရအဖွဲ့ဝင်များ မတရားဖမ်းဆီးခံရသူများအား ချက်ချင်းပြန်လွှတ်ပေးရန် ထပ်မံတိုက်တွန်း။

- အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးသူငယ်များ အပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများအပေါ် အကြမ်းဖက်မှုကို ပြင်းပြင်းထန်ထန်ရှုတ်ချ။

- မြန်မာပြည်သူတို့၏ ဆန္ဒ၊ အကျိုးစီးပွားနှင့်အညီ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပြန်လည်သင့်မြတ်မှုကို ဖော်ဆောင်ရန်နှင့် ဒေသတွင်းအဖွဲ့အစည်းများကို အင်တိုက်အားတိုက် ထောက်ခံအားပေးကြောင်း၊ အထူးသဖြင့် အာဆီယံမှ တက်ကြွစွာ၊ ငြိမ်းချမ်းစွာ အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် မြန်မာနိုင်ငံကို အကူအညီပေးအပ်ခြင်းကို ထောက်ခံအားပေး။

- ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာ့အရေး အထူးသံတမန်မှ စေ့စပ်ညှိနှိုင်းမှုကို ထောက်ခံအားပေးပြီး အထူးသံတမန်မှ မြန်မာနိုင်ငံ ဘက်အသီးသီးနှင့် နီးနီးကပ်ကပ်ချိတ်ဆက်၍ နက်နက်ရှိုင်းရှိုင်း ထိတွေ့ဆက်ဆံ ကြိုးပမ်းဆောင်ရွက်ကာ မြန်မာနိုင်ငံသို့ အမြန်ဆုံးသွားရောက်ရန် ထောက်ခံအားပေး။

**Further Readings**

McKoy, Michael K. & Miller, Michael K. 2012. *"The Patron's Dilemma: The Dynamics of Foreign-Supported Democratization."* The Journal of Conflict Resolutions, Vol. 16, No.5, pp.904-932.